# ကွန်ဂရက် သတင်းလွှာ

အမှတ်စဉ် (၂)　　၁၉၈၅ ၊ စက်တင်ဘာ ၁၇ ရက်



အစုတစုဝ်ကိုယ်စား ကိုယ်စားလှယ်ရဲဘော်တဦး တင်ပြနေစဉ်

ဒုတိယနေ့

## ကိုယ်စားလှယ်စုံညီအစည်းအဝေး

### အစုများကိုယ်စား တင်ပြဆွေးနွေးကြခြင်း

စက်တင်ဘာ ၁၇

တတိယအကြိမ်မြောက်ပြည်လုံးကျွတ် ကွန်ဂရက်၏ ဒုတိယနေ့ ကိုယ်စားလှယ် စုံညီ အစည်းအဝေးကို စက်တင်ဘာ ၁၇ ရက်နေ့ မနက် ၁၁ နာရီ အချိန် တွင် ကွန်ဂရက်ခန်းမကြီး၌ဆက်လက်ကျင်းပသည်။

**၈၀.၂၈ % တက်ရောက်**

ယနေ့အစည်းအဝေးတွင်တက်ရောက်ရမည့် ကိုယ်စားလှယ်ဦးရေ ၁၉၆ ဦး ရှိသည့်အနက် ၁၅၇ ယောက် တက်ရောက်ရာ ရာခိုင်နှုန်းအားဖြင့် ၈၀.၂၈ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်း အခန်းအနားမှူးက ကြေညာသည်။

**အစုကိုယ်စားတင်ပြ**

ယနေ့ အစီအစဉ်မှာ နိုင်ငံရေး အစီရင်ခံစာအား အစုလိုက် ခွဲပြီး လေ့လာဆွေးနွေးသည့်ရ ရှိချက်များကို အစုကိုယ်စားပြန် လည်တင်ပြခြင်းဖြစ်သည်။

ဤဒုတိယနေ့ အစည်းအဝေးတွင် စုစုပေါင်း ရဲဘော် ၄ ယောက်တို့ဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြသူများ အနေဖြင့် မိမိတို့ အမြင်များအဖြင့် ပါတီဗဟိုအား အကြံပေး ခြင်း [illegible] များပါပြု လုပ်ကြသည်ကိုလည်း တွေ့ရသည်။

## ဒီနေ့သတင်းလွှာ

ဒုတိယနေ့ အစုများတင်ပြဆွေးနွေး　၁
ကိုယ်စားလှယ်ဖွဲ့စည်းမှု　၂
နိုင်ငံရေးအစီရင်ခံစာ အစုများဆွေးနွေးမှုပြီးဆုံး　၃
နေထိုင်စားသောက်မှုဘဝ　၆
တိုက်ပွဲသတင်း　၈

# ကိုယ်စားလှယ်ဖွဲ့စည်းမှုအချိုးအစား

ကွန်ဂရက်ဖေါ်လကွ္ကကာကိုပေါ်မြနေခြင်း။

စက်တင်ဘာ ၁၇

ဒုတိယအကြိမ်မြောက်ပြည်လုံးကျွတ်ပါတီကွန်ဂရက်ကြီးတွင် တက်ရောက်နေကြသော ကိုယ်စားလှယ်ပေါင်းမှာ ၁၅၇ ဦး ရှိပြီး ဗဟိုကော်မတီများ ပါပေါင်းလျှင် စုစုပေါင်း ၁၇၇ ဦး ရှိပါသည်။ မင်းတို့၏ ကိုယ်ရေးရာဇဝင် မှတ်တမ်းများမှ အချက်အလက်များကို ခွဲထုတ်လိုက်လျှင် အောက်ပါ စိတ်ဝင်စားစရာ အချက်များ တွေ့ကြရသည်။

လူ့တန်းစားဇီစ

ဗမာပြည် ပဒ္ဒည်းမဲ့လူ့တန်းစား၏ ရှေ့တန်းရောက်တပ်ဖွဲ့ကြီး ဗမာပြည်ကွန်မြူနစ်ပါတီ၏ ကျော်ကွန်ဂရက်သို့ တက်ရောက်လာသူများ အနက် ၇၉ ဦးမှာ ကျေးလက်နှင့် မြို့နေ ပဒ္ဒည်းမဲ့ လူ့တန်းစား ဇီစမှ လာကြသူများ ဖြစ်ကြသည်။ ကျံ့သည့်မှာ ကိုယ်စားလှယ် အားလုံး၏ ၅၀.၃၂ ရာခိုင်နှုန်း ဖြစ်သည်။



ဒုတိယနေ့ ကိုယ်စားလှယ် စုံညီအစည်းအဝေး - ကွန်ဂရက်ခန်းမ တွင်းကျင်းပနေပုံ

ရှေ့တန်းမှကိုယ်စားလှယ်

ဗမာပြည်နေရာအနှံ့အပြား ရှိ တာဝန်အမျိုးမျိုး ထမ်းဆောင်နေကြသော ကျွိုကိုယ်စားလှယ်ရဲ့ ဘော်များအနက် ရှေ့တန်း ခစ်ချက်နာတပ်များမှ တက်ရောက်လာသူပေါင်း ၆၀ ပါဝင်ပြီး ကိုယ်စားလှယ် စုစုပေါင်း၏ ၃၈.၂၁ ရာနှုန်းရှိသည်။

သူရဲကောင်းဝါမြ

ကိုယ်စားလှယ်အဖွဲ့အသီးသီး အနက် နေသကြီး ၂၃နှင့် တပ်မဟာ တခုတို့မှ ကိုယ်စားလှယ်ပေါင်း ၁၀၂ ဦး ထဲတွင် ၃၇ ဦး တည်းအားဖြင့် ၃၆.၂၇ ရာနှုန်းမှာ သူရဲကောင်း ဆိုဗဟုတ်ဝါမြ အပြစ် ဦးကျူး ဝုက်မြဲ့ခံရသူများ ဖြစ်ကြောင်း တွေ့ရှိရသည်။

ပါတီဝင်သက်တမ်း

ကွန်ဂရက်ကိုယ်စားလှယ်များ၏ ပါတီဝင်သက်တမ်းမှာ စုစုပေါင်း ၁၉၅၁ နှစ်ဖြိုရာ တဦးခ်ိ ပျမ်းမျှ အနေဖြင့် ၁၂.၃၆ နှစ် ရှိသည်ဟု သိရသည်။



ဒုတိယနေ့ အစည်းအဝေးသို့ ကိုယ်စားလှယ်များ တက်ရောက်လာကြစဉ်

★ ပြန်လည်ဆွေးနွေးမှု

ဆွေးနွေးသည့်ပြဿနာများ

ယနေ့ပြန်လည်ဆွေးနွေးသည့် အချက်များတွင် နိုင်ငံတကာ့ကွန်မြူနစ်လှုပ်ရှားမှုပြဿနာ၊ ဗမာပြည်တော်လှန်ရေး ဒီရေမြင့်ပြဿနာများပါဝင်သည်ဟုသိရသည်။

ယနေ့အစည်းအဝေးသို့ ကိုယ်စားလှယ်ပေါင်း ၁၇၀ ဦး တက်ရောက်ရာ တက်ရောက်ခွင့်ရှိသူဦးရေ ၁၈၆ ယောက်၏ ၉၁.၄ ရာနှုန်းတက်ရောက်သည်ဟုသဘာပတိကကြေညာသွားသည်။

# နိုင်ငံရေးအစီရင်ခံစာအပေါ်

## ကိုယ်စားလှယ်များမှတင်ပြမှုပြီးသွားပြီ။

စက်တင်ဘာ ၁၉

ပြည်လုံးကျွတ် ကွန်ဂရက် စတုတ္ထ နေ့ ကိုယ်စားလှယ်စုံညီ အစည်းအဝေးကို ကွန်ဂရက် ခန်းမကြီးတွင် ယနေ့ မနက် ၉. နာရီမှစ၍ ဆက်လက် ကျင်းပသည်။

၉၅.၂ % တက်


ယနေ့ အစည်းအဝေးတွင်တက်ရောက်ခွင့်ရှိသူ ၁၈၇ ဦးအနက် ၁၇၈ ဦးတက်ရောက်ရာ တက်ရောက်သူ ၉၅.၂ ရာနှုန်းရှိသဖြင့် ကွန်ဂရက်အထမြောက်ကြောင်း အခန်းအနားမှူးကကြေညာသည်။

ထပ်မံတင်ပြ

ယနေ့ အစည်းအဝေးတွင် အစုလိုက်ခွဲဆွေးနွေးရာမှရရှိချက်များနှင့် တဦးချင်း အမြင်များကို ဟာတင်ပြဆွေးနွေးကြသည်။ ဗဟိုကော်မတီ၏ နိုင်ငံရေးအစီရင်ခံစာအပေါ် ကိုယ်စားလှယ်ရဲဘော်များဘက်မှ ပြန်လည်ဆွေးနွေးသည့် အစီအစဉ် ယနေ့ နေ့လည်တွင်ပြီးဆုံးသွားပြီဖြစ်သည်။

သဘာပတိအဖွဲ့ဆွေးနွေး

ကိုယ်စားလှယ်များ၏ တင်ပြချက်များအား ပြန်လည်ဖြေကြားရန် အတွက် ကွန်ဂရက် သဘာပတိအဖွဲ့ အနေဖြင့် ဆွေးနွေးမှုများ ဆက်တိုက် တိုင်ပင်နေကြသည်ဟု ကြားသိရသည်။



စတုတ္ထနေ့ အစည်းအဝေးတွင်ကိုယ်စားလှယ်များတက်ရောက်နေစဉ်။



ဗဟိုကော်မတီ၏နိုင်ငံရေး အစီရင်ခံစာ ပေါ်လစီချက်အပေါ် ဆွေးနွေးစဉ်

ဗဟိုကော်မတီ၏နိုင်ငံရေး အစီရင်ခံစာအပေါ်
ကိုယ်စားလှယ်တဦးက တင်ပြဆွေးနွေးနေစဉ်။





တတိယနေ့

# မျက်နှာစုံညီအစည်းအဝေး ရဲဘော်များတက်ကြွစွာပါဝင်ဆွေးနွေးကြခြင်း

စက်တင်ဘာ . ၁၈

တတိယ အကြိမ်မြောက် ပြည်လုံးကျွတ်ကွန်ဂရက်၏တတိယနေ့ ကိုယ်စားလှယ်စုံ ညီအစည်းအဝေးကို စက်တင်ဘာလ ၁၈ ရက်နေ့ မနက် ၉ နာရီ အချိန်တွင် ကွန်ဂရက် ခန်းမကြီး တွင် ဆက်လက်ကျင်းပသည်။

၈၆.၇၃ % တက်


ယနေ့ အစည်းအဝေး တွင် တက်ရောက်ခွင့် ရသည့် ကိုယ်စားလှယ် ဦးရေ ၁၉၆ ဦး ရှိသည့် အနက် ၁၇၀ တက်ရောက်လာရာ နှုန်း အားဖြင့် ၈၆.၇၃ ရှိသဖြင့် အစည်းအဝေး အထမြောက် ကြောင်း အခမ်း အနား မှူးက ကျေညာသည်။

ဖဦးဆွေးနွေး

ယနေ့ အစီစဉ်မှာ ယမန်နေ့ က မပြီးသေးသော အစုအတွင်း မှ အမြင်များတင်ပြခြင်း ကို ဆက်လက်ပြုလုပ်ခြင်းပင် ဖြစ် သည်။


ဗဟိုကော်မတီ၏ နိုင်ငံရေး အစီရင်ခံစာအပေါ် ဆွေးနွေးရ ရှိချက်များကို အစုများ ကိုယ် စားရင်း တချို့က တဦး ချင်း အမြင် အနေမြင်ရင်း တင်ပြ ဆွေးနွေး ကြသည်။ ယနေ့တတိယ နေ့တွင် ရဲဘော် ၆ ယောက် ဆွေးနွေး သွားသည်ဟု သိရသည်။





ဗဟိုကော်မတီ၏နိုင်ငံရေး အစီရင်ခံစာအပေါ် ကိုယ်စားလှယ်တဦး ကဆွေးနွေးနေစဉ်

ဗဟိုကော်မတီ၏နိုင်ငံရေး အစီရင်ခံစာအပေါ် ကိုယ်စားလှယ်တဦးက တင်ပြဆွေးနွေးစဉ်



# ဘော်လီဘောပြိုင်ပွဲ

စက်တင်ဘာ ၂၁

တတိယအကြိမ် မြောက်ပါတီကျွန်ဂရက်ကို အထိမ်းအမှတ်ပြုသော အားကစားလှုပ်ရှားမှု အားကစားပြိုင်ပွဲများ မပြတ်ပြုလုပ်လျက်ရှိရာ ယနေ့မှစ၍ ဘော်လီဘောပြိုင်ပွဲကို ကျင်းပပြီဟုသိရသည်။

၁၃ သင်း

ယခုပြိုင်ပွဲတွင် ကျွန်ဂရက်သို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များထဲမှ ၄ သင်း အပါအဝင် ကျွန်ဂရက်ပတ်ဝန်းကျင်ရှိ ထောင်ဖွဲ့ မှာနေသည်တို့မှ အသင်းစုစုပေါင်း ၁၃ သင်းပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲများကို တနေ့ ၂ပွဲ ၃ပွဲ နှုန်း ထွက်စနစ်ဖြင့် ဝကျော်ကြာမျှ ကျင်းပသွားမည်ဟုသိရသည်။

ဘောလုံး

ကျွန်ဂရက်မစမီ ပြီးခဲ့သည့် ညီလိုင်အနှင့်ပြည်နယ်ဘောလုံးများအတွင်းကလည်း ဘောလုံးပြိုင်ပွဲတရပ် ပြုလုပ်ခဲ့သေးသည်ဟုသိရသည်။



ဘော်လီဘောပြိုင်ပွဲ ယှဉ်ပြိုင်နေစဉ်။





ဂ ၁ ထည်း

ကျွန်ဂရက်သတင်းလွှာ

စာမျက်နှာ ၆ မှ ★
ကိုယ်စားလှယ်များ အတွက် ကု
တင်အိပ်ရာများ သီးသန့် ထားရှိပြီး
တာဝန်ယူကြသည်ဟု သိရသည်။

ပျော်ရွှင်ရေး

လေးနက် အရေးပါလှသည့်
ဆွေးနွေးပွဲများ ဆက်တိုက်ပါ
ဝင် နေကြရသော ကိုယ်စား
လှယ် ရဲဘော်များ အတွက် ရုပ်
ရှင် ဗီဒီယို အဆိုအက ဂီတဦး



ကိုယ်စားလှယ်များ စားသောက်ရေးအတွက်
တာဝန်ကျရဲဘော်များက ဆွေးဗွေးလျှံပြင်
ဆင်နေစဉ်။



ဆေးတာဝန်ယူထားသည့်ရဲဘော်များက
လည်း ကိုယ်စားလှယ်များ၏ကျန်းမာ
ရေးအတွက် ဂရုတစိုက်။

ခံသည့် ဖျော်ဖြေမှု အစီအစဉ်
များ မပြတ်စီစဉ်ပေးထားသည်။


ကိုယ်လက်လှုပ်ရှားရေးအ
တွက် ဘောလုံး ခြင်းလုံး ဘော်
လီဘော အစရှိသည့် အားကစား
မှုအမျိုးမျိုးလည်း ထားရှိပေး
သည်ကိုတွေ့ရသည်။




ကိုယ်စားလှယ်ရဲဘော်များအား ဂီတဖြင့်
ဧည့်ခံသီဆိုနေကြစဉ်။



# တိုက်ပွဲ သတင်း




လွယ်ပန်ယော်တောင် အခြေစိုက်နေရာယူထားသည့် ရန်သူ ခလရ ၄၃ အား တိုက်ခိုက်လိုက်သည့်နေရာပြ မြေပုံကြမ်း။

၁။ ပြီးခဲ့သည့် မေလ ၁၈ ရက်နေ့က ပြည်သူ့တပ်မတော်မှ တပ်ဖွဲ့ တဖွဲ့သည် ကျိုင်းတုံ မိုင်းပြင်း ကားလမ်း၏ တောင်ဘက်ခြမ်း တုံတာ တောင်ဖက် ၁၄ ကီလိုမီတာအကွာ ခန့်ရှိ 'လွယ်ပန်ယော်' တောင်တွင် အခြေစိုက်နေရာယူထားသော ခလရ ၄၃ မှ တပ်ခွဲ တခွဲကို ဝင်ရောက်တိုက်ခိုက်လိုက်ရာ ရန်သူ ဦးရင်းမှူး အပါအဝင် ၈ ယောက်သေ ၁၀ ယောက် ဒဏ်ရာရသွားသည်။

ဤတိုက်ပွဲတွင် မပြည့်စုံသေးသော စာရင်းများအရ ရန်သူထံမှ ၇၅ မမ နောက်ပွင့် လောင်ချာ တလက်၊ ၎င်းကျည် ၅ တောင့်၊ ပစ္စတို ၂ လက်၊ ဂျီ၃ တလက်၊ ၆၀ မမ မိန့်ပြောင်း တလက်၊ ၎င်း ကျည် ၆၀ တောင့်၊ ကာဘိုင် တလက်၊ စက်လတ် ၂ လက်၊ ကျည်ဗျူးခွံ ၂ သောင်းကျော်၊ ၅၀ မမ ကျည် ၂၄ လုံး၊ ဘဇူကာ ကျည် ၈ တောင့်၊ လက်ပစ်ဗုံး ၇ လုံး၊ မြေမြှုပ်ဗုံး ၅ လုံး၊ ကာဒ ဆက်တလုံး နှင့် မြေပုံ၊ မှန်ပြောင်း၊ [illegible] စသည့်စစ်သုံးပစ္စည်းများစွာနှင့် ကျောပိုးအိတ်အလုံး ၃၀ သိမ်းပိုက်ရရှိသည်။

၂။ ဇွန်လ ၂၄ ရက်နေ့က သာစည် ရွှေညောင် မီးရထားလမ်း၊ ဆင်တောင် ဘူတာနှင့် မြင်းတိုက် ဘူတာ အကြားရှိ မီးရထားတံတား တခုကို ပြည်သူ့တပ်မတော်တပ်ဖွဲ့ငယ်တဖွဲ့က ပေါက်ကွဲဖျက်ဆီးပစ်လိုက်သည်။

၃။ ဇူလိုင်လ ၂၆ ရက်နေ့က ဆီဆိုင်မြို့နယ် ဘန်းမတ်တံတားသစ်ကို ပြည်သူ့တပ်မတော်တပ်ဖွဲ့ငယ်တဖွဲ့က ဖျက်ဆီးပစ်လိုက်သည်။

၄။ ဇူလိုင်လ ၉ ရက်နေ့က ဆီဆိုင် တောင်ဖက် ပူးဟန်ဟုန်းရွာတွင် ရန်သူ ခမရ ၂၀ ကို ပြည်သူ့တပ်မတော်တပ်ဖွဲ့တဖွဲ့က တိုက်ခိုက်ခဲ့ရာ ရန်သူ ၃ ယောက်သေသွားသည်။

၅။ ဇူလိုင်လ ၁၃ ရက်နေ့က ဆီဆိုင်မြို့နယ် ထီဝါးမုံးရွာအနီးတွင် ပြည်သူ့တပ်မတော်တပ်ဖွဲ့ငယ်တဖွဲ့က ကြေးစား ခမရ ၁၇ ကို ခြုံခိုတိုက်ခိုက်လိုက်ရာ ရန်သူ ၈ ယောက်သေပြီး တစ်ယောက် ဒဏ်ရာရသွားသည်။

ရန်သူ့ထံမှ ဂျီ၃ တလက်၊ ဂျီလေး တလက်နှင့် ကျည်ဆံ ၃၀၀ သိမ်းဆည်းရမိခဲ့သည်။

၆။ ဇူလိုင်လ ၂၄ ရက်နေ့က မိုးနဲ-လင်းခေးကားလမ်းပေါ်တွင် ရန်သူ့ကားတစီးကို တိုက်ခိုက်ဖျက်ဆီးပစ်လိုက်သည်။ ရန်သူ့တပ်ကြပ်ကြီး တဦး ဒဏ်ရာရသွားသည်။

ဤတိုက်ပွဲတွင် ရန်သူ့ထံမှ အမ် ၇၉ ဒေါက်မော်တာ တလက်နှင့် ကျည်ဗျူးခွံ ၄၀ သိမ်းပိုက်ရရှိခဲ့သည်။